ရဟန်းတော်များသည် ရှင်ရာဟုလာ သဘောကောင်း ကြောင်း ကျော်ကြားလှသဖြင့် စမ်း၍ ကြည့်လိုရကား ရှင်ရာဟုလာ လာနေတာကို အဝေးကမြင်လျှင် သူလာမည့် လမ်း၌ တံမြက်စည်းကိုဖြစ်စေ အမှိုက်ကျုံးတောင်းကိုဖြစ်စေ ပစ်ထားကြ၏၊ ရှင်ရာဟုလာ လွန်သွားသောအခါ တပါးပါးက "ဒီ တံမြက်စည်းကို လမ်းမှာ ဘယ်သူထားသလဲ"ဟု မေးလျှင် အခြား ရဟန်းများက "ရှင်ရာဟုလာတော့ ဒီလမ်းက လာ တာဘဲ"ဟု ပြောကြကုန်၏။

ထိုစကားကို ကြားလျှင် "တပည့်တော် မသိဘူး၊ တပည့် တော် မထားဘူး"ဟု ငြင်းမနေဘဲ ထိုတံမြက်စည်းကို သိမ်း ဆည်း၍ ရဟန်းတော်များကို "သည်းခံကြပါဘုရား"ဟု တောင်းပန်၍ သွားရှာသေးသည်၊ ဤမျှလောက် စိတ်သဘော ကောင်းသော ရှင်ရာဟုလာသည် ရဟန်းဖြစ်သောအခါ တဝါမျှ မရသေးခင် ရဟန္တာ ဖြစ်လေသည်။

## မှတ်သားဘွယ်

ကိုရင်များ .... ဘုရားသားတော် ရှင်ရာဟုလာရဲ့ ဝတ္ထု ကြောင်းကို ဖတ်ပြီးတဲ့အခါ ကိုရင်တို့အတွက် "ဘာများ မှတ်သားစရာ ပါသလဲလို့" စဉ်းစားကြစမ်းပါ။

၁။ ကိုရင်ရာဟုလာကလေးဟာ ၇-နှစ်အရွယ် ငယ်ငယ် ကလေးနှင့် ကမ္ဘဋ္ဌာန်းကျောင်းကလေးမှာ တပါး တည်း နေတယ် မဟုတ်လား၊ ဒါ့ကြောင့် ကိုရင်တို့လဲ တပါးတည်း အေးအေးဆေးဆေးနေ၍ စာကို တိုးတိုး